ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၀၂၇ /၂၀၁၉
ရက်စွဲ၊၂၀၁၉ – ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်။

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ (၁၃–၁၁–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ MOEE – ၁/၂ (လုံခြုံရေး–၂) (၁၈၅၇၀) / ၂၀၁၉

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ (၁၅–၁၁–၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ပဆ–(၃)/(Notice–DMA)/၂၀၁၉ /(၁၀၉)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M–5 နှင့် M–6 တို့တွင် တွင်းတူးဖော်ရေး လုပ်ငန်းများအား JACK–UP Rig, COSL BOSS (Call Sign : 9V5684) ဖြင့် (၂၅–၁၂–၂၀၁၉) ရက်နေ့မှ (၃၀–၆–၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် တွင်းတည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| Well Area | Latitude | Longitude |
|---|---|---|
| 1st Well–WP2 | 15° 09' 09.59" N | 94° 46' 51.7" E |
| 2nd and 3rd Wells–WP1 | 15° 07' 23.86" N | 94° 46' 61.18"E |

၃။ သို့ဖြစ်ပါ၍ (၂၅–၁၂–၂၀၁၉) ရက်နေ့မှ (၃၀–၆–၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ၅ မိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
အောင်မြင့်မိုး–ဒုတိယညွှန်ကြားရေးမှူး(SSE)